# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 1 , 2022 Volume 56, Number 1


**၁.၇.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၆၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၇၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၃၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၇.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၃၃.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၀.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၉.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၉၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## နှမ်းသီးနှံများရိတ်သိမ်းရာတွင် အရည်အသွေးကောင်းရရှိရေး တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ နှိုးဆော်ပေးလျှက်ရှိ

မကွေးတိုင်းဒေသကြီးအတွင်း နွေနှမ်း(ရေသွင်းနှမ်း)များ ပေါ်ထွက်လာပြီဖြစ်ရာ နှမ်းအသစ်ပေါ်လာသလို လက်ကျန်နှမ်းဟောင်းများလည်း ဈေးကောင်းရလာကာ တောင်သူများအဆင်ပြေ တွက်ခြေကိုက်နေတဲ့ အချိန်လည်းဖြစ်ပါတယ်။ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့(မကွေး)နှင့် MMTW Magway Company တို့ ပူးပေါင်းညှိနှိုင်းပြီး (၂၇.၆.၂၀၂၂)ရက်နေ့တွင် တောင်သူများ အရည်အသွေးကောင်းသီးနှံနှင့် ဈေးကောင်းရရှိစေရန် တောင်သူအစုအဖွဲ့များ စုပေါင်းကျင်းပတဲ့ နှမ်းသီးနှံစုပေါင်းရောင်းချပွဲအား ရောဝတီမြစ်အနောက်ဖက် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ စလင်း၊ ပွင့်ဖြူမြို့နယ်တို့တွင် တင်ဒါခေါ်ယူပြီး အဖွင့်ဈေးသတ်မှတ်ကာရောင်းချပေးလျှက်ရှိပါသည်။

ထိုသို့ရောင်းချရာတွင် တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ တောင်သူများအနေဖြင့် အရည်အသွေးကောင်း သီးနှံအဆင့်(A) ရရှိနိုင်ရေးအတွက် လိုက်နာရမည့်အချက်များအား လက်တွေ့စမ်းသပ်ပြသသည့်အပြင် တောင်သူများ**(ရိတ်၊ စည်း၊ ထောင်)** စနစ်ကို အတတ်နိုင်ဆုံးကျင့်သုံးကြရန်၊ အခက်အခဲကြောင့် နှမ်းပုံဖြစ်ခဲ့ပါက (၂)ညအိပ်ထက်မကျော်စေရန်၊ နှမ်းခါသန့်စင်ပြီး လေသလပ်အအေးခံပြီးမှ အိတ်ထဲသို့ထည့်ရန်၊ နှမ်းခါပြီး ပူနွေးသောနှမ်းများကို ချက်ချင်းအိတ်ထဲသို့ အကြာကြီးထည့်မထားရန်စသည်ဖြင့် နှမ်းသီးနှံတွင် FFA (Free Fatty Acid) ပါဝင်မှု လျော့နည်းစေရန်အတွက် တောင်သူများသို့ လက်တွေ့အသိပညာပေး ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန

## အတက်ဘက်ကိုပြန်ရောက်လာတဲ့ ကြက်သွန်နီဈေး


https://greenwaymyanmar.com

ရန်ကုန် ဘုရင့်နောင်ဈေးကွက်မှာတော့ ကြက်သွန်နီဈေးဟာ နှစ်ရက်ဆက်တိုက် အတက်ဘက်ကို ပြန်ရောက်လာပါတယ်။ အမျိုးအစားအလိုက် တစ်ရက်ကို တစ်ပိဿာ ကျပ် ၅၀ စီ ပြန်တက်လာတာပါ။

စိုက်ပျိုးရေး ဈေးကွက်သတင်းအေဂျင်စီ (AMIA) ကတော့ ကုန်အဝင်ပေါ်မူတည်ပြီး ဈေးနှုန်းအတက်အကျ အနည်းငယ်စီရှိနေတာလို့ သတင်းဖော်ပြပါတယ်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

တောက်လျှောက်အတက်ဈေးရှိနေတဲ့ မတ်ပဲဈေးကတော့ ဆက်တက်နေဆဲဖြစ်ပါတယ်။

**ဒီနေ့ရန်ကုန် ဘုရင့်နောင်ဈေးကွက် ကြက်သွန်နီဈေးနှုန်းတွေက အောက်ပါအတိုင်းပဲဖြစ်ပါတယ် –**

ကြက်သွန်နီ (ဆိပ်ဖြူရှယ်)(သစ်) (၁)ပိဿာ 1700 ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) (၁)ပိဿာ 1600 ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) (၁)ပိဿာ 1500 ကျပ်

ကြက်သွန်နီ(ဆိပ်ဖြူလတ်ချော) (၁)ပိဿာ 1200 ကျပ်

ကြက်သွန်ဖြူ(ကြူကုတ်)(ရှယ်) (၁)ပိဿာ 2600 မှ 2800 ကျပ်

ကြက်သွန်ဖြူ(အောင်ပန်း ထူး ၂) (၁)ပိဿာ 2200 ကျပ်

ကြက်သွန်ဖြူ(အောင်ပန်း ထူး ၃) (၁)ပိဿာ 2600 ကျပ်

ကြက်သွန်ဖြူ(အောင်ပန်း ထူး ၄) (၁)ပိဿာ 3200 ကျပ်

ကြက်သွန်ဖြူ (အောင်ပန်း ထူး ၅) (၁)ပိဿာ 3700 ကျပ်

**ရန်ကုန်ဘုရင့်နောင်ဈေးကွက်ရဲ့ မတ်ပဲဈေးကတော့ အောက်ပါအတိုင်းပဲဖြစ်ပါတယ် –**

မတ်ပဲ(အက်ဖ်အေကျူအာစီ) (၂၀၂၂) ဘုရင့်နောင် 1700000 ကျပ်

မတ်ပဲ(အက်စ်ကျူအာစီ) (၂၀၂၁) ဘုရင့်နောင် 1922000 ကျပ် ရှိသွားပြီဖြစ်ပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/market_price_for_june_30

## ၂၀၂၂ ခုနှစ် ဇွန်လ ၂၄ ရက်မှ ၃၀ ရက်အတွင်း အာရှဆန် တစ်ပတ်တာအခြေအနေ

| ရန်ကုန်ဆိပ်ကမ်းတွင် ဆန်တင်သည့် သင်္ဘောစာရင်း (ဇွန်လ ၂၄ ရက် မှ ၃၀ ရက်အထိ) | |
|---|---|
| သင်္ဘောအမည် | ဆန်တန်ချိန် |
| ATLANTIS DISCOVERY | ၂၃,၃၅၀ |
| HANDY PERTH | ၈၀၀ |
| NEW HUNTER | ၂၅,၀၀၀ |
| STEILAR RIONI | ၃၃,၁၅၀ |
| TARSUS M | ၃၃,၀၀၀ |
| ZOLA | ၂၅,၀၀၀ |

https://www.foodindustrydirectory.com.mm

ပြည်ပတင်ပို့သည့် အိန္ဒိယဆန်ဈေးနှုန်းများ နိုင်ငံသုံးငွေ ရူပီးအားနည်းသဖြင့် ဒေါ်လာဖြင့် တွက်ချက်သည့်အခါ ဈေးသက်သာနေသောကြောင့် ထိုင်းဆန်နှင့်ဗီယက်နမ်ဆန်တို့ထက် အိန္ဒိယဆန်ကို ပိုဝယ်ချင်အောင် အဓိကဆွဲဆောင်မှုဖြစ်နေစေသည်။

ဘင်္ဂလားဒေ့ရှ်မှ ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်လာနေသည့်အတွက် ဈေးအေးသွားအောင် ပြည်ပမှဆန်တင်သွင်းခြင်းအပေါ် ကောက်ခံသည့်သွင်းကုန်ခွန်ကို လျှော့ချပေးလိုက်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆန်တင်သွင်းခွန်ကို ၆၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ လျှော့ချလိုက်သည်။ ဆန်ကုန်သည်များက အိမ်နီးချင်းအိန္ဒိယနိုင်ငံမှ ကုန်းလမ်းဖြင့် တင်သွင်းကြမည်ဖြစ်သည်။

ရေကြီးသဖြင့် စပါးခင်းများ ပျက်စီးကုန်ပြီး ပြည်တွင်းဆန်ဈေး မြင့်တက်လာနေသည်။ စပါးရိတ်သိမ်းရာသီ အထွတ်အထိပ်ရောက်ချိန် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ များပြားစေခဲ့သည်။ ဘင်္ဂလားဒေ့ရှ်သည် စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် ကမ္ဘာ့တတိယအများဆုံးနိုင်ငံဖြစ်သော်လည်း ဆိုင်ကလုန်းမုန်တိုင်းဒဏ်နှင့်ရေလွှမ်းမိုးမှုများကြောင့် စပါးခင်းများ ထိခိုက်ပျက်စီးလေ့ရှိပြီး ပြည်တွင်းဆန်ဖူလုံစေရန် ပြည်ပမှတင်သွင်းရလေ့ရှိသည်။ အိန္ဒိယပေါင်းဆန်အမျိုးအစား <RI-INBKN5-P1> ယခင်သီတင်းပတ်အတိုင်း ဈေးမပြောင်းလဲ၊ တစ်တန် $355~$360 ခေါ်ဈေးရှိသည်။ အိန္ဒိယဆန်ဈေးသက်သာသဖြင့် အဝယ်လိုက်သည်။ ၂၅% ဆန်ကွဲပါဆန်နှင့် ၁၀၀% ဆန်ကွဲတို့ ဝယ်လိုအားကောင်းနေသည်။

ထိုင်း ၅% ဆန်ကွဲပါဆန်အမျိုးအစား <RI-THBKN5-P1> ဈေးကျသည်။ ယခင် သီတင်းပတ်က တစ်တန် $420~$425 ဖြစ်ခဲ့ပြီး ယခုသီတင်းပတ်တွင် $412~$415 သို့ လျှော့ကျသွားသည်။ ဝယ်လက်များလာကြသည်။ သို့သော် ပမာဏမကြီးမား ကြချေ။ ဈေးကွက်အေးနေသည်။ အိန္ဒိယဆန်က ထိုင်းဆန်ထက် ဈေးသက်သာသဖြင့် အိန္ဒိယဆန်ဘက်သို့ ဝယ်လက်များ ခြေဦးလှည့်ကြသည်ကများနေသည်။ ဓာတ်မြေဩဇာ ကုန်ကျစရိတ်မြင့်တက်နေပြီး စပါးအထွက်နှုန်းကောင်းဖို့ရှိနေသဖြင့် ဈေးကျနိုင်ဖွယ်ရှိသောကြောင့် ထိုင်းလယ်သမားများ ပူပန်စရာဖြစ်နေသည်။

ဗီယက်နမ်ဆန် ၅% ဆန်ကွဲပါဆန်အမျိုးအစား <RI-VNBKN5-P1> ခေါ်ဈေး တစ်တန် $415-$420 ရှိသည်။ ယခင်သီတင်းပတ်က $418-$423 ဖြစ်ခဲ့သည်။ ပြည်တွင်းဆန်ထုတ်လုပ်မှုသည် ဆန်သစ်ပေါ်ချိန်ဖြစ်သဖြင့် ပိုများလာနေသည်။ ဗုဒ္ဓဟူးနေ့ (ဇွန် ၂၉) စာရင်းအရ ၂၀၂၂ ဇန်နဝါရီလမှ ဇွန်လအထိ ဗီယက်နမ်ဆန် ပြည်ပတင်ပို့မှုတန်ချိန် ၃.၅ သန်းရှိပြီ ဖြစ်သည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4652-weeklyasiarice june 24-30.html

## မြေပဲဆံဈေး ပြန်လည်မြင့်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်းတွင် မြေပဲဆံဈေးများမြင့်တက်လာကာ အရောင်းအဝယ်သွက်နေတာကို တွေ့ရပါတယ်။ ယခင်ရက်ပိုင်းမှာတော့ ပြည်ပတင်ပို့မှု ကန့်သတ်ချက်ကြောင့် ဈေးကွက်အတွင်း မြေပဲဆံဈေး အနည်းငယ်ကျဆင်းခဲ့ရာ စားအုန်းဆီလက်ကျန် နည်းလာခြင်းကြောင့် မြေပဲဆီဈေး မြင့်တက်လာတာနဲ့အမျှ မြေပဲဆံဈေးလည်း မြင့်တက်လာတဲ့အပြင် ယခုရက်ပိုင်းမှာ ပြည်တွင်းရှိ ဆီစက်လုပ်ငန်းရှင်များမှ ဝယ်ယူမှုနှင့်တရုတ်ဝယ်လက်တွေရဲ့ ဝယ်လိုအားကောင်း နေတာကြောင့် မြေပဲဆံဈေး ပြန်လည်မြင့်တက်လာကာ ဆက်လက်၍လည်း မြင့်တက်လာနိုင်ကြောင်း ကုန်သည်ပွဲစားများမှ သုံးသပ်ထားတာကို တွေ့ရပါတယ်။

မြေပဲဆံဈေးအနေနဲ့ ဇွန်လဆန်းပိုင်းတွင် မြေပဲဆံ(၁)ပိဿာလျှင် ကျပ်(၃၀၀၀)ကျော်သာ ဈေးရှိခဲ့ရာမှ ဇွန်လကုန်ပိုင်းတွင် မြေပဲဆံ(၁)ပိဿာလျှင် ကျပ်(၄၅၀၀)ဈေးအထိ မြင့်တက်လာကာ အရည်အသွေးကောင်းလျှင် ကောင်းသလို ဈေးကောင်းရနေတယ်လို့ သိရပါတယ်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ဇန်နဝါရီမှမတ်လအထိ ကဏ္ဍ (၆) ခုအတွက် ကျပ် ၅၆. ၄၂၄ ဘီလီယံ အခွန်ကင်းလွတ်ခွင့်ပြုခဲ့

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် အခွန်ပမာဏ စုစုပေါင်း ကျပ် (၅၆.၄၂၄) ဘီလီယံ အခွန်ကင်းလွတ်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ကင်းလွတ်ခွင့်ပြုသည့် ကဏ္ဍများမှာ MIC မှ ခွင့်ပြုထားသည့်ကုမ္ပဏီများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ NGO, INGO အဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့ သက်သေခံလက်မှတ် ထုတ်ပေးသည့်တန်ဖိုးနှင့် အထူးစီးပွားရေးဇုန် (သီလဝါ)သို့ ကင်းလွတ်ခွင့်ပြုခြင်းစသည့်ကဏ္ဍများ ပါဝင်ကြောင်းသိရသည်။

အဆိုပါကဏ္ဍများတွင် MIC မှ ခွင့်ပြုထားသည့် ကုမ္ပဏီများအတွက် ကင်းလွတ်ခွင့်ပြုသည့်ပမာဏမှာ ကုန်ပစ္စည်းတန်ဖိုး ကျပ်ငွေ ၁၂၅.၃၁၄ ဘီလီယံအတွက် ကုန်သွယ်ခွန် ၆.၄၉၆ ဘီလီနှင့် အကောက်ခွန် ၄.၄၀၉ ဘီလီယံနှင့် စုစုပေါင်း ကျပ်ငွေ ၁၀.၉၀၅ ဘီလီယံ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းအစိုးရအဖွဲ့များသို့ ကင်းလွတ်ခွင့်ပြုသည့် ပမာဏမှာ ကုန်ပစ္စည်းတန်ဖိုး ၂၁၀.၀၉၈ ဘီလီယံအတွက် ကုန်သွယ်ခွန် ၀.၄၃၃ ဘီလီယံနှင့် အကောက်ခွန်အတွက် ၁ .၄၀၁ ဘီလီယံ စုစုပေါင်း ၁.၈၃၄ ဘီလီယံ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်းသိရသည်။

NGO နှင့် INGO အဖွဲ့အစည်းများအတွက် ကုန်ပစ္စည်းတန်ဖိုး ၁၃.၅၈၄ ဘီလီယံအတွက် ကုန်သွယ်ခွန် ၀.၀၃၇ ဘီလီယံ၊ အကောက်ခွန် ၀.၄၇၈ ဘီလီယံ စုစုပေါင်း ၀.၅၁၅ ဘီလီယံခန့် ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း အကောက်ခွန်ဌာမှသိရသည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးဌာနများသို့ သက်သေခံလက်မှတ်ထုတ်ပေးခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည့်ပမာဏမှာ ၂၇.၄၆၈ ဘီလီယံရှိပြီး သီလဝါအထူးစီးပွားရေးဇုန်မှ ကုန်ပစ္စည်းတန်ဖိုး ၁၃၆.၅၁၇ ဘီလီယံအတွက် အခွန်ကင်းလွတ်ခွင့်ပြုသည့် ပမာဏမှာ ကုန်သွယ်ခွန်အနေဖြင့် ၈.၈၇၈ ဘီလီယံနှင့် အကောက်ခွန်အနေဖြင့် ၆.၈၂၄ ဘီလီယံဖြင့် စုစုပေါင်း ၁၅.၇၀၂ ဘီလီယံ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်းသိရသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးဦးတည်ချက် (၃)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကိုရှေးရှု၍ တည်ဆဲဥပဒေများနှင့်အညီ အခွန်ကင်းလွတ်သက်သာခွင့်နှင့် အခွန်လျှော့ပေါ့ခွင့်တို့ကို စိစစ်ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## ရွှေလီလက်ကားသစ်သီးဈေးကွက်အတွင်း မြန်မာ့သရက်အဝင်နည်းလာ တရုတ်ဈေးကွက်သို့ သရက်တင်ပို့မှု ပြီးဆုံးတော့မည်



Source: မြန်မာ့အလင်း

ရွှေလီလက်ကား သစ်သီးဈေးကွက်အတွင်း မြန်မာပို့ကုန်သရက်များ အဝင်နည်းလာခဲ့ပြီး ဈေးနှုန်းများလည်း တည်ငြိမ်လျက်ရှိကြောင်းသိရသည်။

“သရက်ကတော့ တော်တော်လည်း တုံးသွားပြီလို့ပြောနိုင်ပါတယ်။ အထူးသဖြင့် ဒီနှစ်မှာ သရက်သီးပို့ကုန်တွေ အခက်အခဲအများကြီးရှိတယ်။ ကိုဗစ်ပိုးပါမပါစစ်သလို အပုပ်အနာစစ်တာလည်း အတော်များတယ်။ သန့်ရှင်းရေးကိုလည်း တရုတ်ဘက်ကနေ အတော်လေးစိစစ်လာတယ်။ ဒါကြောင့် တင်ပို့သူတွေတော့ ထိခိုက်ပါတယ်။ နောင်နှစ်တွေမှာ ပိုပြီးသတိထားရမှာက ပြုစုပျိုးထောင်မှုကို အားဖြည့်သင့်တယ်။ အပုပ်အနာ၊ အနံ့အသက်၊ ထုပ်ပိုးမှုကအစ ကုန်သည်တွေသတိထားရမှာဖြစ်ပါတယ်” ဟု ရွှေလီသစ်သီးပွဲရုံတစ်ရုံမှ တာဝန်ရှိသူက ပြောသည်။

ထို့ပြင် ရွှေလီသစ်သီးဈေးအတွင်း၌ မြန်မာသရက်သီးများ ရောင်းချခွင့်ပိတ်သည်ဟု လူပြောများလျက်ရှိကြောင်း သိရှိရပြီး အမှန်မှာ အဝယ်ရှိသော်လည်း စိစစ်မှုများကြောင့် ဈေးကောင်းမရခြင်း၊ အပယ်အနုတ်များခြင်းများသာရှိကြောင်း သိရသည်။

“ဈေးကွက်ကိုတော့ အနည်းငယ်ထိခိုက်တာပေါ့။ သစ်သီးက အခြားကုန်တွေလိုမဟုတ်ဘူး၊ အထားမခံသလို အထိခိုက်လည်းမခံဘူး။ တရုတ်ပြည်မှာလည်း သရက်သီးက စပြီးထွက်လာတဲ့အချိန်ဆိုတော့ အဝယ်လည်း အားနည်းသွားပြီ။ မကြာမီရက်ပိုင်းအတွင်း သရက်တင်ပို့မှုက ပြီးဆုံးတော့မှာဖြစ်ပါတယ်။ လက်ရှိဈေးနှုန်းတွေကတော့ စိန်တလုံး ယွမ် ၅၀ ကနေ ၉၀ ကြား၊ ရွှေဟင်္သာ ယွမ် ၅၀-၇၀ နဲ့ ရင်ကွဲ ၁၀ ယွမ် ကနေ ယွမ် ၅၀ အကြားဈေးနှုန်းအသီးသီးရှိနေတယ်” ဟု ကုန်သည်တစ်ဦးကပြောသည်။

**Source: မြန်မာ့အလင်း**

## အင်ဒိုနီးရှားနိုင်ငံမှ အေးခဲကြက်သားများ စင်ကာပူနိုင်ငံသို့တင်ပို့ခွင့်ပြု

စင်ကာပူနိုင်ငံအတွင်းသို့ အင်ဒိုနီးရှားနိုင်ငံမှ အေးခဲကြက်သားတင်ပို့ရောင်းချခွင့်ပြုလိုက်ကြောင်း စင်ကာပူ အစားအစာအေဂျင်စီက ဇွန် ၃၀ ရက်တွင် ပြောကြားသည်။ စင်ကာပူနိုင်ငံအစိုးရအနေဖြင့် နိုင်ငံ၏အစားအစာဖူလုံရေးအတွက် နှစ်ရှည်စီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအေဂျင်စီက ပြောကြားသည်။

စင်ကာပူအစားအစာအေဂျင်စီမှ တာဝန်ရှိသူများသည် မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ပြီး အင်ဒိုနီးရှားနိုင်ငံရှိ အစားအစာဘေးကင်းရေးဆိုင်ရာလုပ်ငန်းများနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို စစ်ဆေးခဲ့ရာတွင် သတ်မှတ်ချက်များ ပြည့်မီကြောင်းတွေ့ရှိခဲ့သည်။ စင်ကာပူနိုင်ငံသို့ ကြက်သားတင်ပို့ရောင်းချလိုပါက စင်ကာပူနိုင်ငံက သတ်မှတ်ထားသည့် အစားအစာဘေးကင်းရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းအေဂျင်စီက ပြောကြားသည်။

**Source: ကြေးမုံသတင်းစာ**

## ဗီယက်နမ်မှဝယ်ယူမှုကြောင့် ကြက်သွန်နီလက်ကားဈေးကွက်မြင့်တက်ခဲ့ပြီး ဈေးကျသွားဖွယ်မရှိနိုင်




မြန်မာနိုင်ငံမှ ကြက်သွန်နီများကို ပြီးခဲ့သည့် ဇွန်လဒုတိယပတ်မှစတင်ကာ ဗီယက်နမ်မှ ၁၆၀၀ ကျပ်မှ ၁၇၀၀ ထိဈေးပိုပေး၍ ဝယ်ယူနေခြင်းကြောင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး လက်ကားဈေးကွက်တွင် တစ်ပိဿာ ကျပ် ၂၀၀၀ အောက်တွင်ရှိနေနိုင်ကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။ ကြက်သွန်နီစိုက် တောင်သူနှင့်ကုန်သည်များ အရှုံးပေါ်ခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်၍ ရာသီချိန်အစောပိုင်းက တစ်ပိဿာ ကျပ် ၄၀၀ ဝန်းကျင်သာရရှိခဲ့ပြီး ကြက်သွန်အထွက် နည်းပါးချိန်တွင် လှောင်လက်အချို့ဝယ်ယူမှုကြောင့် မေလလယ်မှစ၍ ဈေးပြန်လည် လှုပ်ခတ်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ဈေးတက်ဝယ်မယ့် သဘောမျိုးတွေ ဖေ့စ်ဘွတ်မှာ အရိပ်အရောင် ပြောသွားတာက ပျံ့နှံ့သွားပြီး နယ်ဘက်မှာ အနည်းဆုံး ၇၀၀ ကျပ်ကနေ ၁၅၀၀ လောက်ထိ ဖြစ်သွားတယ်။ ပြည်တွင်းမှာ အရမ်းဈေးကျသွားဖို့ မရှိနိုင်သလို တစ်ပိဿာ ၂၀၀၀ ကျပ် ဝန်းကျင်ရှိနေမယ်။ ဗီယက်နမ်က ဝယ်ယူမှုကြောင့် ကြက်သွန်နီဈေး တက်မယ်မှန်းထားချိန်ထက် စောစော ဈေးတက်သွားတယ်။ လက်ရှိမှာ လှောင်ထားသူတွေက ရန်ကုန်ဘုရင့်နောင် ဈေးကွက်ကိုထိန်းပြီးတင်ပို့နေလို့ ဒီဈေး ပတ်ချာလည်မှာပဲ ရှိနေမယ်လို့ ခန့်မှန်းပါတယ်"ဟု အဆိုပါအသင်းမှ ဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။

ပြည်တွင်းကြက်သွန်နီများသည် ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုများခြင်း၊ ယခင်နှစ်များက ကြက်သွန်စိုက် တောင်သူများ ထိုက်သင့်သော ဈေးမရရှိခြင်းတို့ကြောင့် ကြက်သွန်စိုက်ဧကလျော့ကျခဲ့ပြီး အထွက်နှုန်းလည်း လျော့နည်းခဲ့ကာ ပုံမှန်တင်ပို့မှု လမ်းကြောင်းနှင့် နယ်စပ်လမ်းကြောင်းများမှ ပြည်ပတင်ပို့မှုမှာ ယခင်ကထက် များစွာလျော့နည်းခဲ့ကြောင်းသိရသည်။

"ပြည်ပတင်ပို့မှု အားကောင်းရင် ဒီထက်ပို ဈေးမြင့်နိုင်တယ်။တင်ပို့မှုက Normal Trade /Border Trade နည်းတယ်။ Border Trade ဖြစ်တဲ့ တရုတ်တို့၊ ဘင်္ဂလားဒေ့ရှ်တို့က ဝယ်ဖို့ မဖြစ်နိုင်လို့ ဒီထက် ပိုပြီး ဈေးမကောင်းနိုင်တော့ဘူး။ ဘုရင့်နောင်ဈေးကွက်မှာ ဇွန် ၂၁ ရက်က ကြက်သွန်နီကား ၁၃ စီး ဝင်တယ်။ အနိမ့်ဆုံး ၁၂၀၀ ကျပ် ဈေးနဲ့ ၁၇၀၀ကျပ်ဝန်းကျင်၊ ရှယ်က ၁၉၀၀ ကျပ်ပေါက်ဈေးရှိတယ်"ဟု ကုန်သည်တစ်ဦးက ပြောသည်။

ပြည်တွင်း၌ ကြက်သွန်နီကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး ထွက်ရှိသော နယ်အလိုက် လက်ကားပေါက်ဈေးမှာ ကြက်သွန်နီအမျိုးအစားအလိုက် တစ်ပိဿာ ၈၀၀-၉၀၀ ကျပ်မှ ၁၅၀၀ ရှိပြီး ရှယ်ကြက်သွန်နီမှာ ၁၇၀၀ ကျပ် ဝန်းကျင်ရှိကြောင်း သိရသည်။

Source: Myanma Awba

## STOCK EXCHANGE (1.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 142 | 1,050,800 | 33,109,694 | 245,012 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 3,640 | 9,646,000 | 38,929,150 | 103,162 |
| MCB | 00003 | 7,300 | +200 | +2.82% | 7,300 | 7,300 | 7,300 | 5 | 36,500 | 10,400,986 | 75,928 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 0 | 0 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,550 | 2,550 | 2,500 | 435 | 1,095,600 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1 | 2,600 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

## Stock trading data

As of 1st Jul. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 142 | 1,050,800 | 33,109,694 | 245,012 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 3,640 | 9,646,000 | 38,929,150 | 103,162 |
| MCB | 00003 | 7,300 | +200 | +2.82% | 7,300 | 7,300 | 7,300 | 5 | 36,500 | 10,400,986 | 75,928 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 0 | 0 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,550 | 2,550 | 2,500 | 435 | 1,095,600 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1 | 2,600 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

# Market Overview

## Main Board

As of 1:00 pm, 1st Jul. 2022

| MYANPIX | 347.12 ▲ 1.20 |
|---|---|
| Total Volume (shares) | 4,223 |
| Total Value (MMK) | 12 mil |
| Listed Company | 7 |
| Market Cap. (MMK) | 603,850 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▲ 0 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 200 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |